# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၅

၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၆

၁။ ဦးတင်ရွှေ(၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ခင်မာဇင်၏ အမွေဆက်ခံခွင့်ရှိသူ)
၂။ ဒေါ်ရှိစီစန်းမောင်
၃။ ဦးဉာဏ်လင်းကျော်
၄။ ဒေါက်တာနေလင်းအောင်
၅။ ဦးထွန်းလင်းကျော်
၆။ ဦးဝင်းကို

(၃ မှ ၆ အထိ - ကွယ်လွန်သူ ဦးထွန်းအောင်ကျော်၏ တရားဝင်ကိုယ်စားလှယ်များ)

နှင့်

၁။ မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက်(၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖွဲ့ဝင်များကိုယ်စား ဦးကျော်ညွန့်)
၂။ ဒေါ်သီတာ (ကွယ်လွန်သူဒေါက်တာအောင်ခင်၏တရားဝင်ကိုယ်စားလှယ်)
၃။ ဦးမြင့်ဆွေ
၄။ ဒေါ်ခင်သူဇာဦး
၅။ ဒေါ်ကလျာဆွေ
၆။ ဦးထွန်းညို
၇။ အုပ်ချုပ်သူ ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်ဗဟိုဘဏ်

**အယူခံတရားလိုများ** — **အယူခံတရားပြိုင်များ**

---

ဒေါ်သီတာ (ကွယ်လွန်သူဒေါက်တာအောင်ခင်၏တရားဝင်ကိုယ်စားလှယ်)

နှင့်

၁။ မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက်(၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖွဲ့ဝင်များကိုယ်စား ဦးကျော်ညွန့်)
၂။ ဦးမြင့်ဆွေ
၃။ ဒေါ်သူဇာဦး
၄။ ဦးတင်ရွှေ
၅။ ဒေါ်ကလျာဆွေ
၆။ ဒေါ်ရှိစီစန်းမောင်
၇။ ဦးဉာဏ်လင်းကျော်
၈။ ဒေါက်တာနေလင်းအောင်
၉။ ဦးထွန်းလင်းကျော်

(၆ မှ၉ ကွယ်လွန်သူ ဦးထွန်းအောင်ကျော်
၏တရားဝင်ကိုယ်စားလှယ်များ)
၁၀။ ဦးဝင်းကို
၁၁။ ဦးထွန်းညို
၁၂။ အုပ်ချုပ်သူ ပရိုင်းကော်မာရှယ်
ဘဏ်လီမိတက် ဗဟိုဘဏ်

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဒေါ်ချိုချိုဝင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၁)အတွက် | - | ဦးဖေတင်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂)အတွက် | - | ဒေါ်နိုင်နိုင်ရွှေ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၃ မှ ၇)အတွက် | - | ကိုယ်တိုင်(မလာ) |

---

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဒေါ်နိုင်နိုင်ရွှေ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၁)အတွက် | - | ဦးဖေတင်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၄၊ ၆ မှ ၁၀)အတွက် | - | ဒေါ်ချိုချိုဝင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂၊ ၃၊ ၅၊ ၁၁၊ ၁၂)အတွက် | - | ကိုယ်တိုင်(မလာ) |

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၆၂ တွင် မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက်(၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့)ကိုယ်စား ဦးကျော်ညွန့်က ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို၊ ဦးထွန်းညိုနှင့် အုပ်ချုပ်သူ ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်တို့အပေါ် အစုရှယ်ယာရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့်ငွေကျပ် (၁၁၂၅) သိန်းရလိုမှုစွဲဆိုရာ မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက်သို့ မူလတရားပြိုင်များကပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာများရောင်းချခြင်းသည် ဥပဒေနှင့်မညီညွတ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြီး အမှတ်(၁) တရားပြိုင် ဒေါ်သီတာ(ကွယ်လွန်သူ ဒေါက်တာအောင်ခင်၏ တရားဝင်ကိုယ်စားလှယ်)က ကျပ်သိန်း ၁၀၀၊ အမှတ်(၂) တရားပြိုင် ဦးမြင့်ဆွေက ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၃) တရားပြိုင် ဒေါ်ခင်သူဇာဦး ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၄) တရားပြိုင် ဦးတင်ရွှေက ကျပ်သိန်း ၁၀၀၊ အမှတ် (၅) တရားပြိုင် ဒေါ်ခင်မာဇင်က ကျပ်သိန်း ၁၈၀၊ အမှတ်(၆) တရားပြိုင် ဒေါ်ကလျာဆွေက

ကျပ်သိန်း ၁၈၀၊ အမှတ်(၇)(၈)(၉)(၁၀) တရားပြိုင်များဖြစ်သော ဒေါ်ရိုစီစန်းမောင်၊ ဦးဉာဏ်လင်းကျော်၊ ဒေါက်တာနေလင်းအောင်၊ ဦးထွန်းလင်းကျော် (ကွယ်လွန်သူ ဦးထွန်းအောင်ကျော် ၏ တရားဝင်ကိုယ်စားလှယ်များ)က ငွေကျပ် ၈၄ သိန်း၊ အမှတ်(၁၁) တရားပြိုင် ဦးဝင်းကို က ငွေကျပ်သိန်း ၁၀၀၊ အမှတ်(၁၂) တရားပြိုင် ဦးထွန်းညိုက ငွေကျပ်သိန်း ၂၀၀ ကို တရားလိုမြန်မာကျုံးယွမ်(အဖွဲ့) ကုမ္ပဏီလီမိတက်၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့သို့ ကျသင့်သော စရိတ်များနှင့်တကွ ပေးအပ်စေရန် ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီအပေါ် ဦးတင်ရွှေ (၎င်းကိုယ်တိုင်နှင့်ကွယ်လွန်သူ ဒေါ်ခင်မာဇင်၏ အမွေဆက်ခံခွင့်ရှိသူ) ဒေါ်ရိုစီစန်းမောင်၊ ဦးဉာဏ်လင်းကျော်၊ ဒေါက်တာ နေလင်းအောင်၊ ဦးထွန်းလင်းကျော် (၂ မှ ၅ ထိကွယ်လွန်သူ ဦးထွန်းအောင်ကျော် ၏တရားဝင်ကိုယ်စားလှယ်များ) က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၅ ဖြင့် လည်းကောင်း၊ ဒေါ်သီတာ(ကွယ်လွန်သူ ဒေါက်တာအောင်ခင် ၏တရားဝင်ကိုယ်စားလှယ်)က ၂၀၁၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၆ ဖြင့်လည်းကောင်း၊ အယူခံတင်သွင်းရာ ပလပ်လိုက်သောကြောင့် အယူခံတရားလိုများက ဤအယူခံမှုများကို ဆက်လက်တင်သွင်းလာသည်။

ဤအယူခံမှု ၂ မှုစလုံးသည် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၆၂/၂၀၁၁ မှ ပေါက်ဖွားလာသဖြင့် ဤစီရင်ချက်နှင့်ဒီကရီသည် အဆိုပါ ၂ မှုစလုံးနှင့်သက်ဆိုင်သည်။

အမှုမှာ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်(၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့) ကိုယ်စား ဦးကျော်ညွန့် က ဒေါက်တာအောင်ခင်၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်သူဇာဦး၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဒေါ်ကလျာဆွေ၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို၊ ဦးထွန်းညိုနှင့် အုပ်ချုပ်သူ ပရိုင်းကော်မာရှယ်ဘဏ် လီမိတက်တို့အပေါ် အစုရှယ်ယာရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု နှင့်ငွေကျပ် (၁၁၂၅) သိန်းရလိုမှုစွဲဆိုသည်။

အဆိုလွှာတွင် တရားလို မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက် (၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့)က မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်ကို ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၅၃/၉၈ ၏ ၁၃-၃-၉၈ ရက်စွဲပါ အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ချမှတ်ခဲ့ကြောင်း၊ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စကို စာရင်းရှင်းလင်းရေးအရာရှိ(၉ )ဦးဖြင့် လက်ရှိတွင်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားပြိုင်များသည် STRATEGIC YANGON INVESTMENTCO. LTD( SYI) ကုမ္ပဏီလီမိတက်နှင့် YANGONECO NOMIC CORPORATION ( YEC) တွင် အစုရှယ်ယာထည့်ဝင်ထားသူများဖြစ်ပြီး အုပ်ချုပ်ခွင့်ရှိသူများဖြစ်ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် တရားပြိုင်များသည် ၃-၉-၉၆ နှင့် ၂-၁၀-၉၆ နေ့များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စာချုပ်များချုပ်ဆိုခဲ့ကြောင်း၊ ယင်းစာချုပ်များအရ ပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာအားလုံးတန်ဖိုး (၁၁၂၅)သိန်း၏ ၇၅.၅၁% ဖြစ်သောအစုရှယ်ယာတန်ဖိုး(၉၂၅) သိန်းကိုရောင်းချရန် သဘောတူညီခဲ့ကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့) ကုမ္ပဏီလီမိတက်သည် ငွေကျပ် (၉၂၅)သိန်းကို တရားပြိုင်များသို့ ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထက်ပါ သဘောတူညီချက်များနှင့်ဆက်နွယ်၍ ၁၈-၆-၉၆ နေ့တွင် ဦးထွန်းညို ထံသို့ငွေကျပ်သိန်း ၂၀၀ ပေးခဲ့သဖြင့် စုစုပေါင်းကျပ်(၁၁၂၅)သိန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်များကလည်း အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်များကို လက်မှတ်ရေးထိုးလွှဲပြောင်းပေးခဲ့ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်သည် မိမိ၏မတည်ငွေရင်း၏ ၁၅ % ထက်ပိုသောအစုရှယ်ယာကိုလွှဲပြောင်းရောင်းချခြင်းသည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၁၈(၈)ကို ဖောက်ဖျက်ရာရောက်

သဖြင့် ဗဟိုဘဏ်က ကန့်သတ်မိန့်ထုတ်ပြီး အုပ်ချုပ်သူခန့်ထား၍ စီမံခန့်ခွဲကြောင်း၊ မြန်မာကျုံးယွမ် (အဖွဲ့) ကုမ္ပဏီလီမိတက်၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများပြုစုခဲ့သော (STATEMENT OF AFFAIRS) အရ ငွေကျပ်(၁၁၂၅)သိန်းကို တရားပြိုင်များထံမှရရန်စာရင်းပေါ်ပေါက်ခဲ့ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်၏ ၁၅ % ထက်ပိုသောအစုရှယ်ယာများကို ရောင်းချခြင်းသည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၁၈(စ) နှင့်ငြိစွန်းသဖြင့် မြန်မာကျုံးယွမ် (အဖွဲ့)ကုမ္ပဏီလီမိတက်နှင့် တရားပြိုင်များရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်ချုပ်ဆိုခဲ့သော သဘောတူညီချက်များ၊ ရှယ်ယာလွှဲပြောင်းစာချုပ်များသည် ဥပဒေနှင့်မညီပျက်ပြယ်လျက်ရှိကြောင်း၊ တရားလိုက တရားပြိုင်များထံမှရယူသွားခဲ့သည့်ငွေများကို ပြန်လည်ပေးအပ်ရန် ၂-၈-၂၀၀၀ ရက်စွဲပါ အကြောင်းကြားစာကို ပေးပို့ခဲ့ရာ ၂၈-၈-၂၀၀၀ နှင့် ၁၂-၅-၂၀၀၁ ရက်စွဲပါစာများဖြင့် အစုရှယ်ယာလွှဲပြောင်းရောင်းချခြင်းသည် တရားဝင်ကြောင်းဖြင့် ပြန်ကြားလာခဲ့ကြောင်း၊ မြန်မာကျုံးယွမ် (အဖွဲ့)ကုမ္ပဏီလီမိတက်သို့ တရားပြိုင်များက ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်၏ ရှယ်ယာများကို ရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်းနှင့်ယင်းစာချုပ်အရ ပေးငွေ ၁၁၂၅ သိန်းရထိုက်ကြောင်းဖြင့် အက်(စ်)ဝိုင်အိုင်နှင့်ဝိုင်အီးစီကုမ္ပဏီ၏အုပ်ချုပ်ခွင့်ရှိသူတစ်ဦးခြင်းအား ပုဂ္ဂိုလ်ရေးတာဝန်ရှိသူများအဖြစ် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်ကို တရားရုံးအမိန့်အရ တရားပြိုင်အဖြစ်ထည့်သွင်းတရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုပြုထားသည်။

ဒေါက်တာအောင်ခင်၏ အချေလွှာတွင် ၎င်းသည် ဝိုင်အီးစီကုမ္ပဏီနှင့်ပတ်သက်ခြင်း မရှိကြောင်း၊ (အက်(စ်)ဝိုင်အိုင်)ကုမ္ပဏီသည် ဦးထွန်းညို၏သားမစ္စတာရှန်ရှုဒင်းတည်ထောင်သည့် ကုမ္ပဏီဖြစ်ပြီး ၎င်းအတွက် အမည်ခံရှယ်ယာထည့်ဝင်ပေးပြီး အုပ်ချုပ်မှုဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ (အက်(စ်)ဝိုင်အိုင်)ကုမ္ပဏီသည် တရားဝင်ရပ်တည်လျက်ရှိသော ကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းသည် ၄-၉-၉၆ နှင့် ၂-၁၀-၉၆ စာချုပ်တွင် ပါဝင်ဆောင်ရွက်ခြင်းလက်မှတ်ရေးထိုးခဲ့ရခြင်း မရှိကြောင်း၊ ၃-၉-၉၆ ရက်စွဲပါ အစည်းအဝေးတွင် ၎င်းကို အစည်းအဝေးတက်ရောက်သူအဖြစ်ဖော်ပြထားသော်လည်း ၎င်းကိုအသိမပေးဘဲထောင်ကျနေသည့် ကုမ္ပဏီတည်ထောင်သူ မစ္စတာရှန်ရှုအင်းနှင့်ဖခင်ဦးထွန်းညိုတို့ပြုလုပ်ခဲ့သည့်အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက် ၂ ပါ စကားရပ်များအရလည်း အစုရှယ်ယာ(၉၂၅၀) ကိုဝင်းကိုမှ (အက်(စ်)ဝိုင်အိုင်)ကုမ္ပဏီကိုယ်စားပြုရောင်းချခွင့် မရှိကြောင်း၊ ၂-၁၀-၉၆ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ် စာမျက်မှာ (၅)အပိုင်း ၂၊ အပိုဒ်ခွဲ ဖ တွင် အရှုတ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက ဦးထွန်းညိုမှတာဝန်ယူဖြေရှင်းရန်ဖော်ပြထားကြောင်း၊ ၃-၉-၉၆ နှင့် ၂-၁၀-၉၆ ရက်စွဲပါ စာချုပ်များသည် တရားမဝင်သောစာချုပ်များသာဖြစ်ကြောင်း၊ ၎င်းမှာ စာချုပ်တွင်ပါဝင်လက်မှတ်ထိုးခြင်း မရှိကြောင်း၊ မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ ရောင်းချရန်သဘောတူညီခဲ့ခြင်းမရှိကြောင်း၊ ဦးထွန်းညိုနှင့် မြန်မာကျုံးယွမ် (အဖွဲ့)ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့်အုပ်ချုပ်သူဒါရိုက်တာဦးကျော်မြင့်တို့လက်မှတ်ထိုးဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ စာချုပ်များသည်ပျက်ပြယ်သောစာချုပ်များဖြစ်ကြောင်း၊ တရားလိုမှဝန်ခံထားသဖြင့် ပျက်ပြယ်သောစာချုပ်ကို တရားရုံးတော်မှတရားဥပဒေအရဆောင်ရွက်ခြင်းမပြုနိုင်သဖြင့် ပျက်ပြယ်သည့်စာချုပ်ဖြစ်ကြောင်း၊ တရားရုံးက အဆုံးအဖြတ်ပြုရန်မလိုကြောင်း၊ သို့ဖြစ်၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ အစုရှယ်ယာလွှဲပြောင်းရောင်းချခြင်းသည် တရားဝင်ကြောင်း၊ ၎င်းမှ ၁၂-၅-၂၀၀၁ ရက်စွဲပါ အကြောင်းပြန်ကြားစာတွင် ဖော်ပြခဲ့ခြင်းမရှိဘဲ လွဲမှားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုလွှာတွင် တရားလို၏အားကိုးအထားထားပြုသော စာရွက်စာတမ်းစာရင်းအမှတ်စဉ် ၄၃ ဖြစ်သော ၁-၁၁-၉၆ ရက်စွဲပါ

(LITTER OF UNDERS TANDING) တွင်ဦးထွန်းညိုမှလည်းကောင်း၊ ၂၁-၁၁-၉၆ ရက်စွဲပါ မြန်မာကျုံ့ယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးကျော်မြင့်မှလည်းကောင်း၊ ရှယ်ယာဝယ်ခြင်းတွင် ပြဿနာပေါ်ပေါက်ပါက ၎င်းတို့မှအစအဆုံးတာဝန်ယူပြီး ပြေလည်သည်အထိ ဖြေရှင်းပေးမည်ဟု ဝန်ခံထားကြောင်း၊ ၎င်းအပေါ် ပုဂ္ဂိုလ်ရေးအရ တရားစွဲဆိုခွင့်မရှိကြောင်း၊ တရားလိုများစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ အဆိုလွှာအား ပလပ်ပေးရန်ချေပသည်။

တရားပြိုင်ဦးမြင့်ဆွေ၊ ဦးတင်ရွှေ၊ ဒေါ်ခင်မာဇင်၊ ဦးထွန်းအောင်ကျော်၊ ဦးဝင်းကို တို့က ချေလွှာတင်သွင်းရာတွင် အက်(စ်)ဝိုင်အိုင်နှင့်ဝိုင်အီးစီကုမ္ပဏီများသည် ဦးထွန်းညို၏သား ဖော်ရန်နိုင်(ခ)ရှန်ရှုအင်းတည်ထောင်သောကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ငွေကြေးထည့်ဝင်ရခြင်းမရှိကြောင်း၊ တရားဝင်ရပ်တည်လျက်ရှိသော ကုမ္ပဏီများမဟုတ်တော့သဖြင့် ၎င်းတို့တွင် တာဝန်မရှိကြောင်း၊ ၃-၉-၉၆ နှင့် ၂-၁၀-၉၆ ရက်စွဲပါ စာချုပ်များသည် မြန်မာကျုံ့ယွမ်၏တာဝန်ရှိသူ ဦးကျော်မြင့်နှင့်ဦးထွန်းညိုတို့နှစ်ဦးသဘောတူဆောင်ရွက်ကြခြင်းသာဖြစ်ကြောင်း၊ ၎င်းတို့သည် ဦးထွန်းညို နှင့် ၎င်း၏သား ဖော်ရန်နိုင် (ခ) ရှန်ရှုအင်း တို့စီစဉ်ဆောင်ရွက်မှုတွင် အမည်ခံသဘောရပ်တည်ခဲ့သူများဖြစ်ပြီး အကျိုးခံစားခွင့်မရှိခဲ့ကြောင်း၊ ငွေကျပ် (၉၂၅)သိန်းကို တရားပြိုင်များသို့ ပေးခဲ့သည်ဆိုခြင်းကို လုံးဝငြင်းဆိုကြောင်း၊ ငွေကျပ်သိန်း (၂၀၀)မှာလည်း ဦးထွန်းညို နှင့်သာသက်ဆိုင်သည့်ကိစ္စသာဖြစ်ကြောင်း၊ ၎င်းတို့မှလက်မှတ်ရေးထိုးပြီး ရှယ်ယာများ၊ လွှဲပြောင်းပေးခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ၂၈-၈-၂၀၀၁ ရက်စွဲပါ ရှေ့နေကြီးဦးဆယ်မောင်၏ ပြန်စာသည် ဦးထွန်းညို၏တာဝန်လွှဲအပ်ချက်အရ အကြောင်းပြန်ကြားခဲ့ခြင်းသာဖြစ်ကြောင်းမှာ အဆိုလွှာအရ ပေါ်ပေါက်ထင်ရှားကြောင်း၊ မလေးရှားရောက်ဦးထွန်းညိုမှ၎င်းရှေ့နေကြီး ဦးဆယ်မောင်ထံပေးပို့သော ၂၁-၃-၂၀၀၁ ရက်စွဲပါ ကျမ်းကျိန်လွှာတွင် ရှယ်ယာအရောင်းအဝယ်ကိစ္စမှာ ဦးကျော်မြင့်နှင့်၎င်းတို့စီစဉ်ဆောင်ရွက်သည့်ကိစ္စဖြစ်ပြီး၊ ငွေပေးငွေယူကိစ္စပြီးပြတ်သွားပြီးဖြစ်သည်ဟုပါရှိကြောင်း၊ ယခုကိစ္စသည် ဦးကျော်မြင့်နှင့် ဦးထွန်းညို တို့ဖြေရှင်းရမည်ကိစ္စဖြစ်ကြောင်း၊ ဦးကျော်မြင့်ကို တရားပြိုင်တို့ထည့်သွင်းတရားမစွဲဆိုခြင်းမှာ မှားယွင်းနေကြောင်း၊ ရှယ်ယာအရောင်းအဝယ်ကိစ္စသည် ဥပဒေနှင့်မညီပျက်ပြယ်ကြောင်းဝန်ခံထားပြီးဖြစ်၍ တရားလိုအနေဖြင့် အစုရှယ်ယာရောင်းချခြင်းသည် ဥပဒေနှင့်မညီ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုစွဲဆိုရန်မလိုအပ်သည်မှာ ထင်ရှားကြောင်း၊ ၂၈-၈-၂၀၀၁ နှင့် ၁၂-၅-၂၀၀၁ နေ့စွဲပါ တရားပြိုင်များ၏နို့တစ်ပြန်စာတွင်အစုရှယ်ယာရောင်းချခြင်းကို တရားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိ၍ ရုံးတော်သို့မမှန်တင်ပြခြင်းမျိုးဖြစ်ကြောင်း၊ လိမ်လည်တင်ပြတရားစွဲဆိုခြင်းဖြစ်၍ အမှုကို ပယ်ရန်ဖြစ်ကြောင်း၊ တရားပြိုင်များကို တစ်ဦးချင်းစီ ဖော်ပြတရားစွဲဆိုခြင်းမဟုတ်သဖြင့် အစုရှယ်ယာဝင်အဖြစ်အသိအမှတ်ပြု၍ လူပုဂ္ဂိုလ်အမည်ဖြင့် တရားစွဲဆိုထားခြင်းသည် အမှုစွဲဆိုပုံမှားယွင်းနေကြောင်း၊ ကုမ္ပဏီအချင်းချင်းဖြစ်သည့်ကိစ္စကို လူတစ်ဦးချင်းအပေါ် တရားစွဲဆိုခြင်းဖြစ်၍ အမှုကို ဤပုံစံဖြင့်စွဲဆိုခွင့်မရှိကြောင်း ပျက်ပြယ်နေသော စာချုပ်အပေါ် အခြေခံ၍သက်သာခွင့်တောင်းခွင့်မရှိကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တောင်းဆိုသောသက်သာခွင့်ကိုမပေးကြောင်း၊ ဥပဒေနှင့်မညီညွတ်သော အကြောင်းအရာများကို အခြေပြု၍ တရားစွဲဆိုခြင်းဖြစ်၍ အမှုပလပ်ပေးရန် ချေပထားသည်။

ပရိုင်းကော်မာရှယ်ဘဏ်အုပ်ချုပ်သူကချေလွှာတွင် ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံဗဟိုဘဏ်၏အုပ်ချုပ်သူဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရနို့တစ်စာမပေးဘဲတရားစွဲဆိုခွင့်မရှိကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်လီမိတက်ကို ကုမ္ပဏီများဥပဒေအရ တရားရုံးအမိန့်ဖြင့် စာရင်း

ရှင်းလင်းဖျက်သိမ်းခွင့်ရရန်လျှောက်ထားပြီးဖြစ်၍ ကုမ္ပဏီများအက်ဥပဒေအရ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အမှုကိုလည်း ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်း ချေပသည်။

အဆိုအချေလွှာတို့အရ ငြင်းချက်(၇)ချက်ထုတ်နှုတ်ပြီး ငြင်းချက်(၃)(၄)(၅)(၆) တို့အား ပဏာမငြင်းချက်များအဖြစ်ထုတ်နှုတ်ခဲ့ပြီး အဆိုပါ ပဏာမငြင်းချက် ၄ ရပ်အား တရားရုံးချုပ် ၂၀၀၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂ တွင် ဖြေဆိုခဲ့ကြောင်းတွေ့ရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်မှ ပရိုင်းကော်မာရှယ်ဘဏ်၏ရှယ်ယာများအတွက် ငွေကျပ် (၁၁၂၅) သိန်းလွှဲပြောင်းပေးခဲ့ကြောင်း ထင်ရှားကြောင်း၊ ပရိုင်းကော်မာရှယ်ဘဏ်၏ရှယ်ယာရှင်များကလည်း **သက်သေခံ-ဇ မှ ၁၂** အထိ စာချုပ်များဖြင့်ရှယ်ယာလွှဲပြောင်းပေးကြောင်း လက်မှတ်ရေးထိုးချုပ်ဆိုထားကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ပြီး ထိုသို့ရောင်းချခြင်းသည် ဥပဒေနှင့်မညီညွတ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြီး အမှတ်(၁) တရားပြိုင် မသီတာ(ကွယ်လွန်သူ ဒေါက်တာအောင်ခင်၏ တရားဝင်ကိုယ်စားလှယ်)က ကျပ်သိန်း ၁၀၀၊ အမှတ်(၂) တရားပြိုင် ဦးမြင့်ဆွေက ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၃) တရားပြိုင် ဒေါ်ခင်သူဇာဦး ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၄) တရားပြိုင် ဦးတင်ရွှေက ကျပ်သိန်း ၁၈၀၊ အမှတ် (၅) တရားပြိုင် ဒေါ်ခင်မာဇင်က ကျပ်သိန်း ၁၈၀၊ အမှတ်(၆) တရားပြိုင် ဒေါ်ကလျာဆွေက ကျပ်သိန်း ၁၈၀၊ အမှတ် (၇)(၈)(၉)(၁၀)တရားပြိုင်များဖြစ်သော ဒေါ်ရီစီစန်းမောင်၊ ဦးဉာဏ်လင်းကျော်၊ ဒေါက်တာနေလင်းအောင်၊ ဦးထွန်းလင်းကျော် (ကွယ်လွန်သူ ဦးထွန်းအောင်ကျော် ၏ တရားဝင်ကို ယ်စားလှယ်များ)က ငွေကျပ် ၈၄ သိန်း၊ အမှတ်(၁၁) တရားပြိုင် ဦးဝင်းကို က ငွေကျပ်သိန်း ၁၀၀၊ အမှတ်(၁၂) တရားပြိုင် ဦးထွန်းညို ကငွေကျပ်သိန်း ၂၀၀ ကိုတရားလိုမြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့သို့ စရိတ်နှင့်တကွ ပေးအပ်စေရန် ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကလည်း မူလ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်များမှာ မှားယွင်းမှုမရှိဟု သုံးသပ်ပြီး မူလခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီအား အတည်ပြုခဲ့ပြီး၊ အယူခံမှုများအား ပလပ်ခဲ့သည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီအပေါ် စိစစ်ရန်ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၆၂ တွင် မြန်မာကျုံယွမ်အဖွဲ့ကုမ္ပဏီလီမိတက် (၎င်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့) ကိုယ်စား ဦးကျော်ညွန့်၊ ဦးမောင်မောင်သန်း၊ ဦးမြင့်တင်၊ ဦးမောင်ဖေတင်၊ ဦးဘအေး၊ ဦးအမ်အိုင်မဒါး တို့ပါဝင်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ကိုယ်စား၊ ဦးကျော်ညွန့်မှ ပရိုင်းကော်မာရှယ်ဘဏ်ကုမ္ပဏီလီမိတက်မှ ဒေါ်သီတာ ပါ ၁၃ ဦးအပေါ် အစုရှယ်ယာရောင်းခြင်းမှာ ဥပဒေနှင့်မညီညွတ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့်ငွေကျပ် (၁၁၂၅) သိန်းရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၅၃/၉၈ ၏ ၁၃-၃-၉၈ ရက်စွဲပါ အမိန့်ဖြင့် မြန်မာကျုံယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်အားစာရင်းလင်းဖျက်သိမ်းရန်အမိန့်ချမှတ်ခဲ့ကြောင်း၊

တရားပြိုင်များသည် STRATEGIC YANGON INVESTMENTCO. LTD (SYI) ကုမ္ပဏီလီမိတက်နှင့် YANGONECONOMIC CORPORATION (YEC) တွင် အစုရှယ်ယာထည့်ဝင်ထားသူများဖြစ်ပြီး အုပ်ချုပ်ခွင့်ရှိသူများဖြစ်ကြသည်။

တရားလို ဦးကျော်ညွန့်မှာ အမှုတွင် မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ကိုယ်စားအမှုစွဲဆိုလာခြင်းဖြစ်သဖြင့် မြန်မာကုမ္ပဏီလီမိတက်များအက်ဥပဒေနောက်ဆက်တွဲဇယားစည်းမျဉ်းအပိုဒ် ၇၁/၉၁ နှင့်ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ပေ။

မြန်မာကျုံးယွမ်(အဖွဲ့)ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် (SYI) တရားဝင်ကိုယ်စားလှယ် ဦးဝင်းကို တို့မှာ ၃-၉-၉၆၊ ၂-၁၀-၉၆ နေ့များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ကြရန်သဘောတူညီခဲ့ကြကြောင်း၊ ယင်းစာချုပ်များအရ ပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာအားလုံးတန်ဖိုး(၁၁၂၅)သိန်း၏ ၇၅.၅၁% ဖြစ်သောအစုရှယ်ယာတန်ဖိုး(၈၂၅) သိန်းကိုရောင်းချရန် သဘောတူညီခဲ့ကြောင်း၊ ရှယ်ယာရှင်တရားပြိုင်များမှလည်း လက်မှတ်ရေးထိုးခဲ့ကြကြောင်း **သက်သေခံ-(စ-ဆ)** စာချုပ်များအရ တွေ့ရှိပေါ်ပေါက်သည်။

တရားလိုဘက်မှတရားပြိုင်များ ၎င်းတို့ထံအစုရှယ်ယာများလွှဲပြောင်းပေးပို့သော စာချုပ်များအား **သက်သေခံ- ဇ မှ ဇ-၁၂** အထိ တင်ပြထားသည်။ တရားပြိုင်များဘက်မှလည်း **သက်သေခံ-(ဆ-၁)** အရ ရှယ်ယာလွှဲပြောင်းသည့်စာချုပ်တံဆိပ်ခေါင်းဘိုးငွေ ၂၃၁၂၅၀၀ ကျပ်၊ ၁-၁၀-၉၆ နေ့တွင် ငွေကျပ်သိန်း ၅၀၀ ကို မျဉ်းသားချက်လက်မှတ် အေ ၁၇၇၂၆ ဖြင့် လက်ခံရရှိကြောင်းအငြင်းမပွားသည်ကိုလည်းတွေ့ရသည်။

တရားပြိုင်များဘက်မှ ၎င်းတို့မှာ အမည်ခံဒါရိုက်တာများဖြစ်ကြောင်း၊ ရှယ်ယာလွှဲပြောင်းခြင်းအတွက်ငွေလက်ခံရရှိခြင်းမရှိဟု ချေပထွက်ဆိုကြသော်လည်း မြန်မာကျုံးယွမ်(အဖွဲ့) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမြင့်စိုး ထံပေးသော ပြန်ကြားစာအရလည်း ရှယ်ယာ ၈၂၅၀ အတွက် ကျပ်သိန်း ၃၀၀၀ ဖြင့် အရောင်းအဝယ်ပြုရန်သဘောတူပြီး၊ မြန်မာကျုံးယွမ်အဖွဲ့မှ တန်ဖိုးငွေကျပ်သိန်း ၈၂၅ အားပေးချေခဲ့ပြီးကြောင်း ပေါ်ပေါက်သည်။

တရားပြိုင်များဘက်မှ မြန်မာကျုံးယွမ်ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့သို့ မိမိတို့တစ်ဦးချင်းအမည်များဖြင့် ရှယ်ယာများအား တန်ဖိုးအလိုက်ပေးပို့ခဲ့ကြောင်း၊ **သက်သေခံ- ဇ မှ ဇ-၁၂** စာချုပ်များအရပေါ်ပေါက်သဖြင့် အဆိုပါ ကုမ္ပဏီအပေါ်တွင်လည်းတစ်ဦးချင်းအလိုက် ငွေကြေးများပေးဆပ်ရန်သာတာဝန်ရှိပေသည်။ ထိုသို့ပေးဆပ်စေခြင်းမှာလည်း ကုမ္ပဏီဥပဒေပုဒ်မ ၄၄၃(က) နှင့်လည်း ညီညွတ်နေပေသည်။

တရားပြိုင်များအနေဖြင့် မြန်မာကျုံးယွမ်ကုမ္ပဏီလီမိတက်သို့ ပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာဘဏ်၏ ၁၅ % ထက်ပိုသောရှယ်ယာကိုများရောင်းချခြင်းဖြစ်၍ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းအက်ဥပဒေပုဒ်မ ၁၈(စ)ကို ဖောက်ဖျက်ရာရောက်သဖြင့် ပရိုင်းကော်မာရှယ်ဘဏ်၏အစုရှယ်ယာဘဏ်များရောင်းချခြင်းသည် ဥပဒေနှင့်မညီညွတ်ပျက်ပြယ်နေပေသည်။

သို့ဖြစ်၍ မူလရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက မြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်သို့ မူလတရားပြိုင်များက ပရိုင်းကော်မာရှယ်ဘဏ် ၏အစုရှယ်ယာများရောင်းချခြင်းသည်

ဥပဒေနှင့်မညီညွတ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြီး၊ အမှတ် (၁) တရားပြိုင်ဒေါ်သီတာ (ကွယ်လွန်သူဒေါက်တာအောင်ခင်၏တရားဝင်ကိုယ်စားလှယ်)က ကျပ်သိန်း ၁၀၀၊အမှတ်(၂) တရားပြိုင် ဦးမြင့်ဆွေက ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၃) တရားပြိုင် ဒေါ်ခင်သူဇာဦး ၅၀၅၀၀၀၀ ကျပ်၊ အမှတ်(၄) တရားပြိုင် ဦးတင်ရွှေက ကျပ်သိန်း ၁၈၀၊ အမှတ် (၅) တရားပြိုင် ဒေါ်ခင်မာဇင်က ကျပ်သိန်း ၁၈၀၊ အမှတ်(၆) တရားပြိုင် ဒေါ်ကလျာဆွေက ကျပ်သိန်း ၁၈၀၊ အမှတ် (၇)(၈)(၉)(၁၀)တရားပြိုင်များဖြစ်သော ဒေါ်ရီစိစန်းမောင်၊ ဦးဥာဏ်လင်းကျော်၊ ဒေါက်တာ နေလင်းအောင်၊ ဦးထွန်းလင်းကျော် (ကွယ်လွန်သူ ဦးထွန်းအောင်ကျော် ၏ တရားဝင်ကိုယ်စားလှယ်များ)က ငွေကျပ် ၈၄ သိန်း၊ အမှတ် (၁၁) တရားပြိုင် ဦးဝင်းကို က ငွေကျပ်သိန်း ၁၀၀၊ အမှတ်(၁၂) တရားပြိုင် ဦးထွန်းညို ကငွေကျပ်သိန်း ၂၀၀ ကိုတရားလိုမြန်မာကျုံးယွမ်(အဖွဲ့)ကုမ္ပဏီလီမိတက်၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့သို့ စရိတ်နှင့်တကွ ပေးအပ်စေရန် ချမှတ်ခဲ့သောအမိန့်အား အတည်ပြုခဲ့သည့်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီမှာ ဥပဒေနှင့်အညီ ချမှတ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါစီရင်ချက်နှင့်ဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက်စွက်ဖက်ရန်မလိုပေ။

ထို့ကြောင့် [ဤတရားမအယူခံမှုများအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။]

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(ခင်မောင်ကြည်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

မိတ္တူမှန်

(ဝါဝါထွင်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး